**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**လျှောက်လွှာခေါ်ယူခြင်း**
**ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်**
**(၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၇ ရက်)**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရရှိသော အောက်ဖော်ပြပါ **ဒုတိယဦးစီးမှူးရာထူး (၂၀၀) နေရာ** အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| | **ပညာအရည်အချင်း** | **အရေအတွက်** |
|---|---|---|
| (က) | ဝါဏိဇ္ဇဗေဒဘွဲ့(B.Com)/စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘွဲ့(B.BM) စီးပွားရေးသိပ္ပံဘွဲ့(စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ) / B.B.Sc( Accounting & Finance)/တက္ကသိုလ်တစ်ခုခုမှ (ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့) ရရှိပြီး စာရင်းကိုင်ပညာဒီပလိုမာ (DA) ရရှိပြီးသူ | ၁၂၅ ဦး |
| ( ခ ) | စီးပွားရေးပညာဘွဲ့ (စာရင်းအင်း/ဘောဂဗေဒ) B.Ecom (Stat/Eco)/ စီးပွားရေးသိပ္ပံဘွဲ့(အသုံးချစာရင်းအင်းပညာ) B.B.Sc (Applied Statistics) | ၁၅ ဦး |
| (ဂ) | ဥပဒေဘွဲ့ (LL.B) | ၂၀ ဦး |
| (ဃ) | ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) / ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech)/ သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံဘွဲ့)[B.Sc(Computer Science)]/အင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [B.E(IT)]/အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [B.E (IST)]/ အင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [B.E(CE)] | ၃၀ ဦး |
| (င) | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English) | ၅ ဦး |
| (စ) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ | ၅ ဦး |
| | စုစုပေါင်း | (၂၀၀) ဦး |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) **၃၀-၉-၂၀၂၁** ရက်နေ့တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်ဖြစ်ပြီး၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(**၃၅**)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) B.E ဘွဲ့ရရှိပြီးသူ၊ မဟာဘွဲ့ရရှိပြီးသူဖြစ်ပါက အသက်(**၃၀**)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(စ) ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)နှင့်အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်ရမည်။

(ဆ) ရွေးချယ်ခန့်ထားခြင်းခံရပါက အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင် ဖော်ပြထားမည်ဖြစ်ပြီး လျှောက်လွှာတွင်ပါရှိသော အချက်များကို ပြည့်စုံစွာရေးသွင်းရမည်။ (လျှောက်လွှာရောင်းချခြင်း/ထုတ်ပေးခြင်းမပြုပါ)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော (၁" x ၁.၂၅") အရွယ် ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ၊

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ဘွဲ့လက်မှတ်မိတ္တူ ၊

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ ၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၊

(င) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ ၊

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း) ၊

(ဆ) ကျန်းမာကြောင်းဆေးလက်မှတ်နှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)။

၅။ လျှောက်လွှာကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ **၃၀-၉-၂၀၂၂** ရက်နေ့ ရုံးချိန်အတွင်းနောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ပေးပို့လာသော၊ စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်သာလျှောက်ထားရမည်။

၇။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ /သတ်မှတ်စည်းကမ်းချက်နှင့်မကိုက်ညီသည့်လျှောက်လွှာများ/ ပြည့်စုံမှုမရှိသောလျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲအား နေပြည်တော်၌ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထပ်မံကြော်ငြာပေးပါမည်။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ဖြေဆိုရမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများဆောင်ရွက်မည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံရေးရာဌာနခွဲ **တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၀၀၂၁၊ ၀၆၇-၃၄၃၀၀၂၂** သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**